


ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊
(၁) ဗုဒ္ဓမြတ်စွာ ဘုရားမှာ ဆရာ ငါးယောက်ရှိသည်ဟု ကြားဖူးပါသည်၊
ထိုဆရာ ငါးယောက်အကြောင်း သိလိုပါသည် အရှင်ဘုရား။
(၂) မာရ်နတ်အကြောင်းကိုလည်း သိလိုပါသည် အရှင်ဘုရား။
(၃) သားပြွမ်းဆွမ်းဟူသည် အဘယ်ကို ခေါ်ပါသနည်း။

ဘာသာခြား မိတ်ဆွေတစ်ယောက် မေးသော မေးခွန်းဖြစ်၍ ဖြေ ကြားပေးစေချင်ပါသည် အရှင်ဘုရား။

ကျော်မှန်

----------------------

## မင်းသိဒ္ဓတ်ရဲ့ ဆရာတွေ

မင်းသိဒ္ဓတ် မွေးတဲ့နေ့မှာ လက္ခဏာဖတ်ကြတဲ့ ပုဏ္ဏားရှစ်ယောက်က လိုအပ်တာကို ညွှန်ကြားပြီး မင်းသားကို စောင့်ရှောက်ပေးကြတယ်။ သူတို့က ပထမဆရာ။ မင်းသားငယ်ကို ပညာသင်ပေးတဲ့ သဗ္ဗမိတ္တ အမည်ရှိတဲ့ ပုဏ္ဏားက ဒုတိယဆရာ။ ဘုရားလောင်း သံဝေဂရအောင် နိမိတ်ကြီးလေးပါးကို ပြပေးကြတဲ့ နတ်ဒေဝါတွေက တတိယ ဆရာ။ တတိယာရူပ္ပဈာန်ကို သင်ပေးတဲ့ ကာလာမ အနွယ်ဝင် အာဠာရ ရသေ့က စတုတ္ထဆရာ။ စတုတ္ထာရူပ္ပဈာန်ကို သင်ပေးတဲ့ ရာမရဲ့သား ဥဒက ရသေ့ကတော့ ပဥ္စမဆရာ ဖြစ်ပါတယ် (မိလိန္ဒ၊ ၂၂၈)။ အဲဒီ ဆရာ ငါးမျိုးကို ဗုဒ္ဓမဖြစ်မီ မင်းသိဒ္ဓတ်ရဲ့ လောကီဆရာတွေလို့ မှတ်ပါ။

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

ဗောဓိဉာဏ်ကို ရပြီးနာက် ပဥ္စဝဂ္ဂီရဟန်းတွေကို တရားဦးဟောဖို့ ရည် ရွယ်ချက်နဲ့ ဗုဒ္ဓဂယာက ဗာရာဏသီကို အကြွ လမ်းခရီး တစ်နေရာမှာ ဗုဒ္ဓရှင်တော်မြတ်ဟာ ဥပကအမည်ရတဲ့ ဂျိန်းဝါဒီ ပရိဗိုဇ်နဲ့ တွေ့တယ်။ ပရိဗိုဇ်က ဗုဒ္ဓကို ကြည့်ပြီး အို ကြည်ညိုစရာကောင်းလိုက်တာ၊ အသားအရေက ဝင်းနေတာပဲဆိုပြီး 'အရှင်ဘုရားရဲ့ ဆရာက ဘယ်သူပါလဲ' လို့ မေးတယ်။ အဲဒီတော့ ဗုဒ္ဓက 'န မေ အာ– စရိယော နတ္ထိ = ငါ့မှာ ဆရာမရှိဘူး'လို့ ဖြေပါတယ်။ ဒါက အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ရအောင် သင်ပေးတဲ့ ဗုဒ္ဓထက် လွန်ကဲထူးမြတ်တဲ့ ဆရာမရှိတာကို ရည်ရွယ်ပြီး မိန့်တော်မူတာ ဖြစ်ပါတယ်။ အဲဒီလို ဆရာမရှိဘဲ ကိုယ့်ဟာကို ထိုးထွင်းသိမြင်လို့လည်း ဗုဒ္ဓရဲ့ဂုဏ်တော် ကိုးပါးထဲမှာ 'သမ္မာသမ္ဗုဒ္ဓ'ဆိုတဲ့ ဂုဏ်ရှင် ဖြစ်တာပေါ့။

## အာဠာရနဲ့ ဥဒက

ဗုဒ္ဓလောင်းလျာအဖြစ်နဲ့ သစ္စာဓမ္မကို ရှာဖွေစဉ်မှာ ကာလာမအနွယ် အာဠာရနဲ့ ရာမရဲ့သား ဥဒကတို့ထံမှာ ဈာန်တရားတွေကို သင်ယူဖူးတယ်။ ဗုဒ္ဓဖြစ်ပြီးနောက် ဗုဒ္ဓက သူတို့နှစ်ယောက်ကို ညွှန်းဆိုရာမှာ 'ရဟန်းတို့၊ ကာလာမအနွယ် အာဠာရသည် ငါ၏(ဗုဒ္ဓ၏) ဆရာဖြစ်လျက် မိမိ၏(အာဠာရ၏) တပည့်ဖြစ်သော ငါ့ကို မိမိနှင့် အညီအမျှ ထား၏'လို့ မိန့်တော်မူပါတယ် (မ ၁၊ ၂၇၁)။

ဒီတော့ ငါ့မှာဆရာမရှိဘူး ဆိုတာနဲ့ ဆန့်ကျင်နေသလားလို့ စဉ်းစားစရာပေါ့။ မဆန့်ကျင်ပါဘူး။ အခုစကားရပ်က ဗုဒ္ဓဖြစ်ဖို့ ကြိုးစားတုန်း ဗုဒ္ဓလောင်းလျာအနေနဲ့ ဆရာဖြစ်ဖူးတာကို ရည်ရွယ်တာပါ။ ဒါပေမယ့် သူတို့နှစ်ယောက်ဆီကရတဲ့ တရားနဲ့ ဗုဒ္ဓဖြစ်လာတာမှ မဟုတ်ဘဲ။ ဗုဒ္ဓဖြစ်ကြောင်း မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဆိုတာက ဗုဒ္ဓကိုယ်တိုင်သိတဲ့ တရားပါ။

## မာရ်နတ်ဆိုတာ

'မာရ်နတ်ဆိုတာ ဝသဝတ္တီနတ်ပြည်က နတ်သူပုန် တစ်ယောက်ပါပဲ။ သူက သူ့ရဲ့ နတ်ဘုံကို ကျူးကျော်လိုသူတွေကို အမှန်တကယ် ကျူးကျော်နိုင်စွမ်း ရှိမယ်ဆိုရင်

သတ်ပစ်တယ်၊ (ကျူးကျော်လိုပေမယ့်) မစွမ်းနိုင်သူကိုလည်း သေစေချင်တယ်။ အဲဒီလို နတ်မျိုးပါ’ (သုတ္တနိ–ဋ္ဌ ၁၊ ၄၀)။ ‘မာနတ်ဆိုတာ ကာမာဝစရနတ်ပြည်ကို အစိုးရတယ်။ တစ်ခါတစ်ရံ ဖြဟ္မာပါရိသဇ္ဇာ ဘုံကိုတောင် အုပ်စိုးနိုင်စွမ်း ရှိတယ် (ဇိနာလင်္ကာရဋီကာ၊ ၂၁၇)’။

## ဗောဓိပင်အောက်မှာ

ဇာတကအဋ္ဌကထာ (ဇာ–ဋ္ဌ ၁၊ ၇၁)နဲ့ ဗုဒ္ဓဝံသအဋ္ဌကထာ (စာ၊ ၁၀) မှာ မာရ်နတ်ဟာ နဂါးဂဠုန်တွေပါတဲ့ စစ်တပ်ကြီးနဲ့အတူ ကိုယ်တိုင်လည်း လက်မောင်းတစ်ထောင် ဖန်းဆင်း၊ ဂိရိမေခလာ အမည်ရှိတဲ့ နတ်ဆင်ပြောင်ကိုစီးပြီး ဗုဒ္ဓဂယာ မဟာဗောဓိပင်အောက်မှာ ဗုဒ္ဓအဖြစ်ကိုရောက်တော့မယ့် သူတော်စင် ဗုဒ္ဓလောင်းလျာကို လာရောက် နှောင့်ယှက် တိုက်ခိုက်ပေမယ့် မာရ်နတ် ထွက်ပြေးရပုံကို သရုပ်ဖော်တယ်။ ကျမ်းဂန်တွေမှာ ကမန်းကတန်းပြေးရတဲ့ မာရ်နတ်ကြီးရဲ့ ချိုင်းကြားက ကျကျန်ခဲ့တဲ့ ဖေလုဝစောင်းကို သကြားမင်းက ကောက်ယူပြီး ပဉ္စသိခနတ်သားကို ပေးပုံ (သုတ္တနိ–ဋ္ဌ ၂၊ ၁၂၁) ထိ အသေးစိတ် ဆိုပါတယ်။

## အယူအဆတစ်မျိုး

အချို့ သုတေသီတွေက မာရ်နတ်က အဲဒီလို လာရောက်ပြီး တိုက်ခိုက်တယ်ဆိုတဲ့ အယူအဆဟာ ရှေးဦးပါဠိတော်တွေရဲ့ အာဘော်နဲ့ မညီဘူးဆိုပြီး အဓိပ္ပာယ်တစ်မျိုး ယူလိုကြတယ်။ အင်္ဂလိပ်လူမျိုး ပါဠိပညာရှင် ရေးစ်ဒေးဗစ်က ‘နှစ်ပေါင်းများစွာ ဒုက္ကရစရိယကို ကျင့်ပြီးနောက် ဗောဓိဉာဏ်ကို ရခါနီးမှာ တစ်ချိန်က ထီးနန်းရဲ့ သာယာပုံ၊ ကြွယ်ဝမှုနဲ့ အာဏာတို့ရဲ့ နှစ်သက်ဖွယ်ကောင်းပုံတွေ အတွေးထဲကို ဝင်လာရာကနေ မိမိရှာဖွေနေတာဟာ တကယ်ရှိရဲ့လားလို့ သံသယဖြစ်မိပေမယ့် အဲဒီည နေဝင်ချိန်မှာ အဲဒီသံသယတွေကို အကြွင်းမဲ့ အောင်နိုင်ပြီး ဗောဓိဉာဏ်ကို ရသွားတယ်’ (ဗြိတိသျှစွယ်စုံကျမ်း၊ ‘ဗုဒ္ဓ’ဆောင်းပါး) လို့ ဆိုတယ်။

ဒီအယူအဆကိုပဲ အခြေခံဖွယ်ရှိတဲ့ အိန္ဒိယကရေးတဲ့ ဗုဒ္ဓဝင်စာအုပ်ငယ် တစ်ခုမှာ ‘မင်းသိဒ္ဓတ်ဟာ တစ်ခါမှာ တကယ်မရှိတာအတွက် မိသားစုနဲ့ ထီးနန်းကို စွန့်ခဲ့မိလေသလားလို့ သံသယဝင်မိပေမယ့် မိမိ ပတ်ဝန်းကျင်မှာရှိတဲ့ လန်းဆန်းနေတဲ့ သစ်ပင်ပန်းမန်တွေ၊ ပျော်ရွှင်နေကြတဲ့ ကျေးငှက် သာရကာတွေဟာ သူတို့ကို အဲဒီလို ပျော်ရွှင်လန်းဆန်းစေတဲ့ ကမ္ဘာမြေရဲ့ မြင့်မြတ်တဲ့ သဘာဝလျှို့ဝှက်ချက်ကို သိနေကြတာပဲလို့ နားလည်သွားတဲ့အတွက် သံသယတွေ ပျောက်ပြီး ဒီလျှို့ဝှက်ချက်ကို တွေ့အောင်ရှာဖို့ အဓိဋ္ဌာန်ပြု ဆုံးဖြတ်ခဲ့တယ် (Gautama-The Story of Lord Buddha, p. 50)’လို့ ဆိုပါတယ်။

## မာရ်ငါးမျိုး

မာရဆိုတဲ့ ပါဠိပုဒ်ကို ရှေးဟောင်းပါဠိတော်တော်တော်များမှာ ‘ခန္ဓာငါးပါး၊ ကိလေသာ၊ ကုသိုလ် အကုသိုလ်စေတနာဆိုတဲ့ အဘိသင်္ခါရ၊ သေခြင်းတရား၊ ဒါတွေအားလုံးကို ချုပ်ပြောရင် မွေးသေ စက်ဝန်းမှ မလွတ်နိုင်သေးတဲ့ လောကီခန္ဓာ သံသရာကို ရည်ညွှန်းတဲ့ ဝေါဟာရဖြစ်ပြီး မာရ်နတ်သားအနေနဲ့ ဖွင့်ဆိုတာက နောက်ကျတယ်လို့ ဆိုပါတယ်။ ပါဠိပညာရှင်တွေ အလိုအရ မာရ်နတ်အကြောင်းကို ဖော်ပြတဲ့ ပဓာနသုတ် (သုတ္တနိ၊ ၃၄၁)ရဲ့ ဒုတိယပိုင်းကိုတောင် နောက်မှထပ်ဖြည့်တာ ဖြစ်နိုင်တယ်လို့ ဆိုတယ်။ သူတို့ အလိုအရဆိုရင် မာရတဇ္ဇနီယသုတ် (မ ၁၊ ၄၀၇)စတဲ့ မာရ်နတ်သားနဲ့ ပတ်သက်တဲ့ သုတ္တန်တွေကိုလည်း နောက်တိုးတွေလို့ ဆိုရမလိုပါပဲ။ ဒါကတော့ ဆွေးနွေးရဦးမယ့် အကြောင်းအရာဖြစ်ပါတယ်။

## ဆေတန်နဲ့ မတူဘူး

သို့ပေမယ့် ခရစ်ယန်တို့ရဲ့ Satan ကိုလည်း မာရ်နတ်လို့ ဘာသာပြန်လို့ အခုမာရ်နတ်ကို Satan နဲ့ တူတယ်လို့တော့ ဗုဒ္ဓဘာသာ မဟုတ်သူတွေကို မပြောမှားမိပါစေနဲ့။ Satan က ဘယ်တော့မှ မသေဘူး၊ အတောင်ရှိတယ်။ ဘုရားသခင် ဖန်ဆင်းထားတာ။ အခုမာရ်နတ်က အတောင်မရှိဘူး၊ သူ့ရဲ့ ရှေးဘဝ ကုသိုလ်ကံကြောင့် ယခုလို ဖြစ်နေတာ။ သေဦးမှာ။ လူ နတ် တိရစ္ဆာန် ဖြစ်ခွင့် ရှိတယ်။

## သားပြွမ်းဆွမ်း

မံသောဒနဆိုတဲ့ ပါဠိပုဒ်ကို ရှေးမြန်မာ ဆရာတော်ကြီးများက ‘အသား ရောပြွမ်းဒံပေါက်ဆွမ်း’လို့ ဘာသာပြန်ပါတယ်။ သားပြွမ်းဆွမ်းဆိုတာ မံသောဒနကို ဆိုလိုတာ ဖြစ်နိုင်တယ်။ ❒